**လယ်ယာထွက်ကုန်သီးနှံများစိုက်ပျိုးထုတ်လုပ်သိုလှောင်ရာတွင် အသုံးပြုသော ပိုးသတ်ဆေးအပါအဝင် ဓါတုဆေးသုံးစွဲမှုအခြေအနေလေ့လာတင်ပြခြင်း**

**အကျိုးအကြောင်းဖော်ပြချက်**

၁။ မြန်မာနိုင်ငံမှ ပြည်ပတင်ပို့ခဲ့သော လယ်ယာထွက်ကုန်သီးနှံအချို့၌ ပိုးသတ်ဆေးကြွင်းပါဝင်မှုသည် သတ်မှတ်နှုန်းထားထက်ကျော်လွန်လျှက်ရှိနေသည်ကို တင်သွင်းသည့်နိုင်ငံများမှ အကြောင်းကြားလာမှုကြောင့် သိရှိနေသဖြင့် အဓိကသီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်မှု၊ သိုလှောင်တင်ပို့မှုလုပ်ငန်းများတွင် အသုံးပြုသော ပိုးသတ်ဆေးအပါအဝင် စိုက်ပျိုးရေးသုံးဓါတုဆေးသုံးစွဲမှုအခြေအနေများကို သိရှိနိုင်စေရန်အတွက် လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ပိုးသတ်ဆေးအပါအဝင် စိုက်ပျိုးရေးသုံး၊ ဓါတုဆေးသုံးစွဲမှုအခြေအနေများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် အဓိကလယ်ယာထွက်ကုန်သီးနှံအလိုက် စိုက်ပျိုးထုတ်လုပ်သိုလှောင်ရာတွင် အသုံးပြုသော ပိုးသတ်ဆေးအမျိုးအစား၊ သုံးစွဲပုံ၊ သုံးစွဲနည်းနှင့်ဈေးကွက်ဖြန့်ဖြူးမှုအခြေအနေများကို သိရှိပြီးတောင်သူများကိုအသိပေးခြင်းများ ပြုနိုင်ရန်နှင့် လယ်ယာထွက်ကုန်သီးနှံများတွင် ပိုးသတ်ဆေးကြွင်းနည်းပါးလာစေရန် ရည်ရွယ်ပါသည်။

**ပိုးသတ်ဆေးအပါအဝင် ဓါတုဆေးအမျိုးအစားသုံးစွဲမှု**

၃။ အဓိကသီးနှံများတွင် ပိုးသတ်ဆေးအပါအဝင် ဆေးများသုံးစွဲမှုသည် တစ်နေရာနှင့်တစ်နေရာကုမ္ပဏီ အမျိုးအစားမတူညီသလို ဆေးအမည်ခေါ်ဆိုမှုမှာလည်း မတူညီသည်ကို တွေ့ရှိရပါသည်။ သိုလှောင်ချိန်တွင် အသုံးပြုသောပိုးသတ်ဆေးများအနေဖြင့် ဆဲလ်ဖော့စ်(Selphos) အလူမီနီယံဖော့စဖိတ်ကို အသုံးပြုကြပါသည်။ ပိုးသတ်ဆေးအပါအဝင် ဓါတုဆေးများသုံးစွဲမှု အခြေအနေနှင့် စိုက်ပျိုးရေးသုံး ဆေးဝါးများတွင် ပါဝင်သော ဓါတုဖွဲ့စည်းမှု အခြေအနေကိုပူးတွဲပါအတိုင်း တင်ပြအပ်ပါသည်။

**ရောင်းချဖြန့်ဝေသည့်ဈေးကွက်**

၄။ ရောင်းချဖြန့်ဝေသည့်ဈေးကါက်အခြေအနေနှင့် ပတ်သက်၍ ရန်ကုန်အခြေစိုက်ပြည်တွင်းကုမ္ပဏီအချို့မှာ မြို့နယ်အသီးသီးရှိ လက်လီလက်ကား ဆိုင်များသို့ လာရောက်ရောင်းချပေးခြင်း၊ အချို့ကုမ္ပဏီများအနေဖြင့် နယ်လက်လီလက်ကားဆိုင်များမှ မှာယူသည့် ဆေးများအား ရန်ကုန်ရှိနယ်ကားဂိတ်များသို့ ပို့ဆောင်ပေးပြီး အဆိုပါနယ်ကားဂိတ်မှ မိမိဒေသအရောက်သယ်ယူစရိတ်အား မှာယူသူမှ ပေးဆောင်ရပါသည်။ အချို့ကုမ္ပဏီ များအနေဖြင့် Promotion ဆောင်ရွက်သည့်အခါများတွင် ကျေးရွာများအရောက် သွားရောက်ရောင်းချသည်များ လည်း ရှိပါသည်။

၅။ ယခုအခါ ဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့လာခြင်း တို့ကြောင့် အချို့ရွာများတွင်ပင် စိုက်ပျိုးရေးဆေးဆိုင်များ ရောင်းချနေကြပြီဖြစ်ပါသည်။ ဆေးရောင်းချမှုအနေဖြင့်လည်း ခေါက်ပြန်ပေးစနစ်၊ သီးနှံပေါ်ပေးစနစ်တို့ကို ယခင်ကအသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင်

အဆိုပါစနစ်များအား အသုံးပြုမှုနည်းပါးလာပြီဖြစ်ပါသည်။ သို့ရာတွင် မြို့ပေါ်လက်လီ၊ လက်ကားဆိုင်များအနေဖြင့် ယုံကြည်စိတ်ချရသူများ ၊ ခင်မင်ရင်းနှီးသူများအား အကြွေးစနစ်၊ ခေါက်ပြန်ပေးစနစ်များ အသုံးပြုလျှက်ရှိပါသည်။

**တောင်သူများအား တွေ့ဆုံမေးမြန်းမှု**

၆။ တောင်သူများနှင့် တွေ့ဆုံမေးမြန်းမှုအခြေအနေအား အောက်ပါအတိုင်း ကောက်နုတ်တင်ပြအပ်ပါသည်-

(က) **စပါး**

(၁) စပါးစိုက်ရာတွင် ထွန်ယက်ချိန်မြေအား အောက်ခံအဖြစ် ကွန်ပေါင်းမြေဩဇာများကို တစ်ဧကလျှင် 25 Kg ခန့်အား အသုံးပြုပါသည်။

(၂) စိုက်ပျိုးပြီး အပင်ထချိန်၌လည်းကောင်း၊ စပါးပင်ရှင်သန်မှုကောင်း၊ မကောင်းကြည့်၍လည်းကောင်း၊ စပါးပင်မှိုတက်ချိန်များ၌ လည်းကောင်း ပုလဲ 25Kg ကိုတစ်ဧကအသုံးပြုပါသည်။

(၃) စပါးနှင့်ပတ်သက်၍ ပိုးသတ်ဆေးအသုံးပြုမှုနည်းပါးပါသည်။

(၄) ပေါင်းမြက်များရှင်သန်ပေါက်ရောက်မှုအနေအထားအရ ပေါင်းသတ်ဆေးများကို အသုံးပြုကြပါသည်။ ကြဲခင်းများအနေဖြင့် စိုက်ခင်းများထက် ပိုမိုအသုံးပြုကြပါသည်။

(၅) အချို့တောင်သူများအနေဖြင့် အသီးအားဆေးများ အသုံးပြုကြပါသည်။

( ခ ) **ပဲသီးနှံ**

(၁) ပဲသီးနှံစိုက်ပျိုးရာတွင် အများအားဖြင့် မြေသားအောက်ခံအတွက် မြေဩဇာများ အသုံးပြုမှုနည်းပါးသော်လည်း အချို့တောင်သူများအနေဖြင့် မြေသားအောက်ခံ မြေဩဇာများအသုံးပြုမှု ရှိနေပါသည်။

(၂) ပဲသီးနှံစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် ရွက်ဖျန်းမြေဩဇာနှင့်ပိုးသတ်ဆေးများ အသုံးပြုမှုများကြပြီး အညွှန်းအတိုင်း သုံးစွဲကြသည်ဟု ဆိုပါသည်။

(၃) ကျရောက်သော ပိုးအမျိုးအစားနှင့်ကျရောက်မှုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးရေးပညာရှင်များ၏ အကြံပြုချက်ဖြင့် အသုံးပြုကြပါသည်။

(၄) တောင်သူများအနေဖြင့် သီးနှံသိုလှောင်ရာတွင် ပိုးသတ်ဆေးအသုံးပြုမှုမရှိသော်လည်း မျိုးအဖြစ်အသုံးပြုရန်အတွက် သီးနှံများကို ဆဲဖော့စ် ( Selphos ) ပိုးသတ်ဆေးကို အသုံးပြုကြပါသည်။

(၅) တောင်သူများအနေဖြင့် စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာ၊ ရွက်ဖျန်းအားဆေး၊ ပိုးသတ်ဆေးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲခွင့် ရရေး ဆောင်ရွက်ပေးစေလိုပါသည်။

(၆) စိုက်ပျိုးရေးလုပ်ငန်းသုံး ဆေးဝါးများကို ရောင်းချသည့်ကုမ္ပဏီများအနေဖြင့် မိမိရောင်းချသော ကုန်ပစ္စည်း၏ အရည်အသွေးနှင့်ပတ်သက်၍ အပြည့်အဝ တာဝန်ယူပေးစေလိုကြပါသည်။

**လက်လီအရောင်းဆိုင်များအား တွေ့ဆုံမေးမြန်းမှု**

၇။ လက်လီအရောင်းဆိုင်များမှ အရောင်းမန်နေဂျာများ၊ ဆိုင်ရှင်များနှင့် ဝန်ထမ်းများအား တွေ့ဆုံမေးမြန်းမှုအခြေအနေကို အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည် -

(က) လက်လီအရောင်းဆိုင်များအနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော ကုန်ပစ္စည်းများအားဖြင့် ရောင်းချကြသော်လည်း အချို့အရပ်ဒေသများတွင် တရားမဝင်ကုန်ပစ္စည်းများ အသုံးပြုနေကြပါသည်။

( ခ ) လက်လီအရောင်းဆိုင်များမှ သတ်မှတ်အညွှန်းအတိုင်း တိကျစွာ လိုက်နာအသုံးပြုရန် မှာကြားမှု များရှိသော်လည်း အချို့တောင်သူများအနေဖြင့် လိုက်နာမှုအားနည်းနေပါသည်။

( ဂ ) တောင်သူများ၏ စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးသီးနှံများကို လေ့လာ၍ လိုအပ်သော ဆေးအမျိုးအစားများကို ကြိုတင်မှာယူထားရှိပါသည်။

(ဃ) ဆေးရောင်းချမှုအနေဖြင့် ယခင်ကခေါက်ပြန်ပေး၊ သီးနှံပေါ်ပေးစနစ်များဖြင့် ရောင်းချကြသော်လည်း ယခုအခါအဆိုပါ စနစ်ကိုအသုံးပြုမှုနည်းပါးလာပြီး ယုံကြည်စိတ်ချရသူ၊ ခင်မင်ရင်းနှီးသူများ အား အကြွေးနစ်၊ ခေါက်ပြန်ပေးစနစ်များကို အသုံးပြုလျှက်ရှိပါသည်။ အများအားဖြင့် လက်ငင်းငွေချေစနစ်ကို အသုံးပြုကြပါသည်။

**ဒေသဆိုင်ရာစိုက်ပျိုးရေးမန်နေဂျာများနှင့်တွေ့ဆုံမေးမြန်းမှု**

၈။ ဒေသဆိုင်ရာစိုက်ပျိုးရေးမန်နေဂျာများနှင့် တွေ့ဆုံမေးမြန်းမှုအခြေအနေကို အောက်ပါအတိုင်းကောက်နုတ်တင်ပြအပ်ပါသည် -

(က) တောင်သူများအနေဖြင့် ဆေးပက်ဖျန်းပြီး စောင့်ဆိုင်းရမည့်ကာလအတိုင်း ဆောင်ရွက်မှု မရှိခြင်း။

( ခ ) တရားမဝင်ဆေးများ၊ အာနိသင်ပြင်းသည့်ဆေးများကို အချို့တောင်သူများအနေဖြင့် မိမိသဘောအလျောက် အသုံးပြုမှုများရှိနေခြင်း။

(ဂ) တောင်သူများစိုးရိမ်စိတ်များသောကြောင့် စီးပွားရေးအရ ထိခိုက်နိုင်သည့်အဆင့်မရောက်ရှိသော်လည်း မလိုအပ်ဘဲ ပိုးသတ်ဆေးများအသုံးပြုခြင်း။

(ဃ) တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးဝါးများနှင့်ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အသုံးပြုရန် အသိပညာပေးဆောင်ရွက်မှုများရှိသော်လည်း လိုက်နာမှုအားနည်းနေသေးခြင်း။

(င) တောင်သူများအနေဖြင့် သီးနှံတွင်ကျရောက်သော ပိုးအမျိုးအစားအား မှန်ကန်စွာသိရှိမှသာ ထိရောက်သော ဆေးဝါးများအသုံးပြုနိုင်သည်ကို နားလည်သဘောပေါက်မှုအားနည်းနေသေးခြင်း။

(စ) တောင်သူများအနေဖြင့် မိမိတို့ စိုက်ခင်းများအား အမြဲမပြတ်စစ်ဆေးကြည့်ရှုပြီး၊ ဘက်စုံသီးနှံကာကွယ်စနစ်များ ဆောင်ရွက်ခြင်းဖြင့် ဓါတုဆေးဝါးများအသုံးပြုမှုလျော့နည်းနိုင်သည်ကို လိုက်နာဆောင် ရွက်မှုအားနည်းခြင်း။

၉။ သို့ဖြစ်ပါ၍ လယ်ယာထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်သိုလှောင်ရာတွင် အသုံးပြုသော ပိုးသတ်ဆေးအပါအဝင် ဓါတုဆေးသုံးစွဲမှုအခြေအနေများနှင့်ပတ်သက်၍ လေ့လာရရှိမှုအခြေအနေများအား တင်ပြအပ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး